ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

Karenni State Consultative Council (KSCC), Email: teamseckscc@protonmail.com

**(၇၅) ကြိမ်မြောက် ကယောအမျိုးသားနေ့ သို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ(KSCC) မှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ**

**၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၅)ရက်**

၁။ ၂၀၂၃ ခုနှစ် ဧပြီလ (၁၅) ရက်တွင်ကျရောက်သည့် (၇၅) ကြိမ်မြောက် ကယောအမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုကြောင်းနှင့် ကယောအမျိုးသားပြည်သူလူထုများအားလုံးအပါအဝင် ကရင်နီလူမျိုးစုများအားလုံး ဘေးကင်းလုံခြုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မိမိတို့၏ အမျိုးသားရေးဝိသေသလက္ခဏာများကို ဖော်ထုတ်နိုင်ရေးအတွက် ကယောအမျိုးသားနေ့ပွဲတော်ကို (၁၉၄၈) ခုနှစ် ဧပြီလ (၁၅) ရက်နေ့မှစတင်ပြီး ယနေ့ထိကျင်းပလာခဲ့သည်မှာ ၂၀၂၃ ခုနှစ်တွင် (၇၅) ကြိမ်မြောက် ဖြစ်ပါသည်။

၂။ စစ်အုပ်စု၏ မတရားအနိုင်ကျင့်ဖိနှိပ်မှုများကြောင့် ကယောလူမျိုးစုများသည်လည်း မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစရိုက်ဝိသေသလက္ခဏာများကို အသိအမှတ်ပြုခံရမှုများဆုံးရှုံးခဲ့ရသည့်အပြင် လူမှုစီးပွားဘဝများ နိမ့်ကျခဲ့ရသည်။ ယနေ့မျက်မှောက်ကာလတွင်လည်း ခေတ်အဆက်ဆက် မိမိတို့လူမျိုးစုတိုင်းရင်းသားများကို ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်လျက်ရှိသောစစ်အာဏာရှင်စနစ်အား အမြစ်ပြတ်ချေမှုန်းရေးကို ကယောအမျိုးသားများအပါအဝင် မိမိတို့ပြည်သူလူထုတစ်ရပ်လုံးမှ တွန်းလှန်လျက်ရှိသည်။

၃။ ယနေ့ ပြည်သူလူထုတရပ်လုံးပါဝင်ဆင်နွှဲလျက်ရှိသော ခုခံတော်လှန်ရေးတွင်လည်း ဒေသအသီးသီးရှိ ကယောလူမျိုးစုများ အတူတကွပူးပေါင်းပါဝင်ပြီး ကျရာကဏ္ဍမှ ဆက်လက်ပံ့ပိုးရန်အတွက် မိမိတို့အတိုင်ပင်ခံကောင်စီမှ လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ (၇၅) ကြိမ်မြောက် ကယောအမျိုးသားနေ့တွင် မိမိတို့လူမျိုးစုများ သွေးစည်းညီညွတ်ခြင်းနှင့်အတူ တန်းတူရေးအာမခံချက်အပြည့်အဝရှိသော ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် အတူတကွလက်တွဲပြီး အောင်ပွဲခရီးလမ်းဆုံးတိုင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဤသဝဏ်လွှာအား ဂုဏ်ပြုပေးပို့အပ်ပါသည်။

ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council